# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

June 27 , 2022 | Volume 55, Number 19


## ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ်အတွင်း မြန်မာနိုင်ငံသို့ သွင်းကုန်အများဆုံးတင်သွင်းထားသည့် နိုင်ငံငါးနိုင်ငံတွင် တရုတ်၊ စင်ကာပူ၊ ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့ အစဉ်လိုက်ရပ်တည်

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ်အတွင်း မြန်မာနိုင်ငံသို့ သွင်းကုန်အများဆုံး တင်သွင်းထားသည့် နိုင်ငံငါးနိုင်ငံတွင် တရုတ်၊ စင်ကာပူ၊ ထိုင်း၊ မလေးရှားနှင့်အင်ဒိုနီးရှားနိုင်ငံတို့ အစဉ်လိုက်ရပ်တည်လျက်ရှိကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ သိရသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ်အတွင်း မြန်မာနိုင်ငံသို့ သွင်းကုန်အများဆုံးတင်သွင်းထားသည့်နိုင်ငံ ငါးနိုင်ငံတွင် တရုတ်နိုင်ငံက ဒေါ်လာ ၁၃၀၅ ဒသမ ၆၅ သန်း၊ စင်ကာပူက ဒေါ်လာ ၁၀၀၀ ဒသမ ၁၂ သန်း၊ ထိုင်းနိုင်ငံက ဒေါ်လာ ၅၃၁ ဒသမ ၆၃ သန်း၊ မလေးရှားနိုင်ငံက ဒေါ်လာ ၄၁၁ ဒသမ ၂၀ သန်း၊ အင်ဒိုနီးရှားနိုင်ငံက ဒေါ်လာ ၃၀၁ ဒသမ ၉၀ သန်းတို့ဖြင့် အစဉ်လိုက်ရပ်တည်နေသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသို့ သွင်းကုန်အများဆုံး တင်သွင်းထားသည့် ၁၀ နိုင်ငံတွင် တရုတ်နိုင်ငံမှ ဒေါ်လာ ၄၆၄၇ သန်းကျော်၊ စင်ကာပူမှ ဒေါ်လာ ၂၆၀၄ သန်းကျော်နှင့်ထိုင်းနိုင်ငံမှ ဒေါ်လာသန်း ၁၉၈၀ ကျော်ဖြင့် အစဉ်လိုက်ရပ်တည်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာမှစက်တင်ဘာလကုန်အထိအတွင်း မြန်မာနိုင်ငံသို့ သွင်းကုန်အများဆုံး တင်သွင်းထားသည့်နိုင်ငံများတွင် တရုတ်၊ စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ဗီယက်နမ်၊ ဂျပန်နှင့် အမေရိကန်တို့ဖြစ်သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသို့ သွင်းကုန်အများဆုံး တင်သွင်းမှုအနေဖြင့် တရုတ်နိုင်ငံမှ ဒေါ်လာ ၄၆၄၇ ဒသမ ၁၀သန်း၊ စင်ကာပူမှ ဒေါ်လာ ၂၆၀၄ ဒသမ ၂၂ သန်း၊ ထိုင်းနိုင်ငံမှ ဒေါ်လာ ၁၉၈၀ ဒသမ ၈၉ သန်း၊ အင်ဒိုနီးရှားနိုင်ငံမှ ၁၁၆၄ ဒသမ ၅၁ သန်း၊ မလေးရှားနိုင်ငံမှ ဒေါ်လာ ၇၈၇ ဒသမ ၃၄ သန်း၊ အိန္ဒိယနိုင်ငံမှဒေါ်လာ ၃၈၆ ဒသမ ၅၄ သန်း၊ တောင်ကိုရီးယားနိုင်ငံမှ ဒေါ် လာ ၃၇၆ ဒသမ ၈၅ သန်း၊ ဗီယက်နမ်နိုင်ငံမှ ၅၈ သန်း၊ ဂျပန်နိုင်ငံမှဒေါ်လာ ၃၅၂ ဒသမ၄၆ သန်းနှင့် အမေရိကန်မှ ဒေါ်လာ၂၂၇ ဒသမ ၃၂သန်းတင်သွင်းထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာမှစက်တင်ဘာလအထိ မြန်မာ-တရုတ် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၂၁၂၆ ဒသမ ၂၇၈ သန်းရှိပြီး မြန်မာဘက်မှ ပို့ကုန်တင်ပို့မှုတန်ဖိုးဒေါ်လာ ၅၄၀၁ ဒသမ ၉၄၃ သန်းရှိပြီး တရုတ်ဘက်မှ သွင်းကုန်

| ၂၇.၆.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၃၆ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၅၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၁၁၀ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၅၇.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၃၅.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၇၄.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၈၀.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၆.၆၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၆၁၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၁၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၁၉.၉၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၂.၃၉၃ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

တင်သွင်းမှုတန်ဖိုး ဒေါ်လာ ၆၇၂၄ ဒသမ ၃၃၅ သန်းတင်သွင်းထားသည်။ ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်အတွင်း မြန်မာ-အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၃၀၀ သန်းကျော်ရှိပြီး ယခင်နှစ်ကာလတူထက် ကုန်သွယ်မှုပမာဏ ဒေါ်လာသန်း ၁၃၀ ကျော်လျော့ကျခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှစက်တင်ဘာလကုန်အထိ မြန်မာဘက်မှ အိန္ဒိယနိုင်ငံသို့ ပို့ကုန်တန်ဖိုး ဒေါ်လာ ၆၁၆ ဒသမ ၄၆၄သန်းအထိတင် ပို့ထားပြီး အိန္ဒိယဘက်မှ သွင်းကုန်တန်ဖိုး ဒေါ်လာ ၆၉၆ ဒသမ ၉၃၇ သန်းအထိ တင်သွင်းထားကာ စုစုပေါင်းကုန်သွယ်မှု ဒေါ်လာ ၁၃၁၃ ဒသမ ၄၀၁ သန်းရရှိထားသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာလကုန်အထိ မြန်မာဘက်မှ ပို့ကုန်တင်ပို့မှုတန်ဖိုးဒေါ်လာ ၃၀၉၅ ဒသမ ၉၈၈ သန်းရှိသည်။ထိုင်းဘက်မှ သွင်းကုန်တန်ဖိုးဒေါ်လာ ၂၀၁၃ ဒသမ ၄၈၆ သန်းဖြင့် ကုန်သွယ်မှုဒေါ်လာ ၅၁၀၉ ဒသမ ၄၇၉ သန်းရရှိထားသည်။

**Source:** https://news-eleven.com/article/232994

## မြန်မာ့ပို့ကုန် ဆန်နှင့်ဆန်ထွက်ပစ္စည်းများကို ဆူးလေဆိပ်ကမ်းတံတားများမှတင်ပို့နေရာ လက်ရှိ ဆူးလေဆိပ်ကမ်းတံတားခုနစ်စင်းတွင် သင်္ဘောငါးစင်းဖြင့် ဆန်တန်ချိန် ၁၄၃၄၀၀ တန်အား ဘယ်လ်ဂျီယံ၊ စပိန်နှင့်တိုဂိုနိုင်ငံများသို့ ပို့ဆောင်မည်

မြန်မာ့ပို့ကုန်အဖြစ် ဆန်နှင့်ဆန်ထွက်ပစ္စည်းများကို ဆူးလေဆိပ်ကမ်းတံတားများမှ တင်ပို့နေရာ လက်ရှိဆူးလေဆိပ်ကမ်းတံတားခုနစ်စင်းတွင် သင်္ဘောငါးစင်းဖြင့် ဆန်တန်ချိန် ၁၄၃၄၀၀ တန်အား ဘယ်လ်ဂျီယံ၊ စပိန်နှင့်တိုဂိုနိုင်ငံများသို့ပို့ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ထုတ်ပြန်ချက်များအရ သိရသည်။

မြန်မာနိုင်ငံ၏ အဓိကလယ်ယာထွက်ကုန်စည်ဖြစ်သော ဆန်နှင့်ဆန်ထွက်ပစ္စည်းများကို ပင်လယ်ရေကြောင်းမှတစ်ဆင့် Bulk Carrier သင်္ဘောကြီးများ(ဝမ်းပုံစနစ်)ဖြင့် ပြည်ပသို့ နှစ်စဉ်တင်ပို့လျက်ရှိရာ ယခင်နှစ် (၂၀၂၁ခုနှစ် ဧပြီလမှ ၂၀၂၂ခုနှစ် မတ်လအထိ)တွင် ဆူးလေဆိပ်ကမ်းတံတားများ (အမှတ် ၁ မှ ၇ အထိ)မှ စုစုပေါင်းသင်္ဘော ၉၀ စင်းဖြင့် ဆန်တန်ချိန် ၁၃၅၇၂၀၂ တန်ကိုလည်းကောင်း၊ ယခုနှစ် ၂၀၂၂ခုနှစ်၊ ဧပြီလမှ ဇွန်လသုံးလတာအတွင်း စုစုပေါင်းသင်္ဘော ၂၇ စင်းဖြင့် ဆန်တန်ချိန် ၅၈၂၃၃၀ တန်ကိုလည်းကောင်း တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

လက်ရှိတွင် ဆူးလေဆိပ်ကမ်းတံတား ခုနစ်စင်းတွင် အလျား ၁၈၃မီတာရှိ သင်္ဘောကြီး နှစ်စီး၊ ၁၈၆ မီတာရှိ သင်္ဘောကြီး နှစ်စီးနှင့် ၂၀၀ မီတာရှိ သင်္ဘောကြီးတစ်စီး စုစုပေါင်း သင်္ဘောငါးစီး တံတားနေရာပြည့် ဆိုက်ကပ်၍ ဆန်တန်ချိန်စုစုပေါင်း ၁၄၃၄၀၀ တန်ကို တင်ဆောင်ပြီး ဘယ်လ်ဂျီယံနိုင်ငံသို့ သုံးစီး၊ စပိန်နိုင်ငံသို့ တစ်စီးနှင့် တိုဂိုနိုင်ငံသို့ တစ်စီး တင်ပို့ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလကုန်အထိ ၁၂ လအတွင်း ပြည်ပသို့ဆန်နှင့် ဆန်ကွဲတင်ပို့မှုမှ ဒေါ်လာ ၆၈၇ ဒသမ ၂ သန်းရရှိခဲ့ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရသိရသည်။ ၂၀၂၁ ခုနှစ်အတွင်း လအလိုက် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှ ဝင်ငွေရရှိမှုအနေဖြင့် ဇန်နဝါရီလတွင် ဒေါ်လာ ၉၆ ဒသမ ၂ သန်း၊ ဖေဖော်ဝါရီလတွင် ဒေါ်လာ ၄၅ သန်း၊ မတ်လတွင် ဒေါ်လာ၄၂ ဒသမ ၄ သန်း ၊ ဧပြီလတွင် ဒေါ်လာ ၄၇ ဒသမ ၅ သန်း၊ မေလတွင် ဒေါ်လာ ၇၂ ဒသမ ၈ သန်း၊ ဇွန်လတွင် ဒေါ်လာ ၇၄ ဒသမ ၇ သန်း၊ ဇူလိုင်လတွင် ဒေါ်လာ ၁၈ သန်း၊ ဩဂုတ်လတွင်ဒေါ်လာ ၁၈ ဒသမ ၈ သန်း၊ စက်တင်ဘာလတွင် ဒေါ်လာ ၃၈ ဒသမ ၂ သန်း၊ အောက်တိုဘာလတွင် ဒေါ်လာ ၅၆ ဒသမ ၂ သန်း၊ နိုဝင်ဘာလတွင် ဒေါ်လာ ၇၂ ဒသမ ၂ သန်းနှင့် ဒီဇင်ဘာလတွင် ဒေါ်လာ ၁၀၅ ဒသမ ၁ သန်းဖြင့် စုစုပေါင်းဒေါ်လာ ၆၈၇ ဒသမ ၂ သန်းရရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် ဧပြီလတွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် တစ်သိန်းခုနစ်သောင်းကျော်တင်ပို့ခဲ့ပြီး အာဖရိကနိုင်ငံများသို့ ဆန်အများဆုံးတင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ၂၀၂၂ ခုနှစ် ဧပြီလတွင် ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှဒေါ်လာ ၄၁ ဒသမ ၂၉၈ သန်းတန်ဖိုးရှိ ဆန်တန်ချိန်၁၁၉၂၆၀ ကျော် တင်ပို့ခဲ့သည်။ ဆန်တင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၂၆၉၄၀ ကျော်၊ အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်တန်ချိန်

၄၉၇၂၀ ခန့်၊ အာဖရိကနိုင်ငံများသို့ ဆန်တန်ချိန် ၄၂၆၀၀ ခန့် တင်ပို့ခဲ့သည်။

မြန်မာနိုင်ငံမှ ဆန်တင်ပို့မှု အများဆုံးနိုင်ငံများမှာ အိုင်ဗရီကို့စ်နိုင်ငံသို့ တန်ချိန် ၁၀၀၀၀၀ ခန့်၊ ကင်မရွန်းနိုင်ငံသို့ တန်ချိန် ၉၀၀၀၀ ခန့်၊ အင်ဂိုလာနိုင်ငံသို့ တန်ချိန် ၁၅၀၀၀၀ ခန့်၊ မက်ဒါဂါးစကားနိုင်ငံသို့တန်ချိန် ၈၅၀၀၀ ခန့်၊ အာရှနိုင်ငံများဖြစ်သော တရုတ်နိုင်ငံသို့ တန်ချိန် ၁၄၃၀၀၀ ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၁၂၂၀၀၀ခန့်နှင့် သီရိလင်္ကာနိုင်ငံသို့ တန်ချိန် ၂၅၀ ခန့်၊ ဟောင်ကောင်သို့တန်ချိန် ၁၈၀ ခန့် တင်ပို့ခဲ့သည်။ အီးယူအဖွဲ့ဝင် နိုင်ငံများဖြစ်သော ပိုလန်နိုင်ငံသို့ တန်ချိန် ၈၈၀၀ ခန့်၊ လစ်သူရေးနီးယားနိုင်ငံသို့ တန်ချိန် ၈၂၀၀ ခန့် ၊ အီတလီနိုင်ငံသို့ တန်ချိန် ၈၆၉၀ ခန့်၊ စပိန်နိုင်ငံသို့ တန်ချိန် ၁၅၁၈၀ ခန့်၊ ဘူလ်ဂေးရီးယားနိုင်ငံသို့ တန်ချိန် ၇၇၅၀ ခန့်နှင့် ဘယ်လ်ဂျီယံနိုင်ငံသို့ တန်ချိန် ၇၀၀ ခန့် တင်ပို့နိုင်ခဲ့သည်။

**Source:** https://news-eleven.com/article/232969

## တရုတ်နိုင်ငံ၏ အဖျော်ယမကာရောင်းချမှု ပထမငါးလတာအတွင်း မြင့်တက်


https://xinhuamyanmar.com/mm

တရုတ်နိုင်ငံ၏ အဖျော်ယမကာရောင်းချမှုသည် ယခုနှစ်ပထမငါးလတာအတွင်း နှစ်အလိုက် ၁၀ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း စက်မှုနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၏ အချက်အလက်များတွင်ဖော်ပြထားသည်။ အဖျော်ယမကာ ထုတ်ကုန်များတွင် လက်လီရောင်းချရမှုများမှာ ငါးလတာအတွင်း ယွမ် ၉၃ ဒသမ ၈ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံခန့်)အထိ ရှိခဲ့ကြောင်း ဝန်ကြီးဌာနထံမှသိရသည်။

နှစ်စဉ်ဝင်ငွေ အနည်းဆုံး ယွမ်သန်း ၂၀ ရှိသည့် တရုတ်နိုင်ငံ၏ အဓိကအဖျော်ယမကာ ထုတ်လုပ်သူများ၏ ထုတ်လုပ်ပေးသည့်ပမာဏသည် ပထမငါးလတာအတွင်း တန်ချိန် ၇၃ ဒသမ ၁၁ သန်းအထိ လွန်ခဲ့သောတစ်နှစ်ကထက် ဝ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းသွားကြောင်းသိရသည်။

မေလတစ်လတည်းတွင် အဖျော်ယမကာထုတ်လုပ်သည့်လုပ်ငန်းများသည် အဖျော်ယမကာ တန်ချိန် ၁၅ ဒသမ ၄၄ သန်း ခန့်ထုတ်လုပ်ခဲ့ပြီး နှစ်အလိုက် ၇ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း အချက်အလက်များတွင် ဖော်ပြထားသည်။

**Source:** https://xinhuamyanmar.com/mm-en/ne-2202706002/

## တရုတ်နိုင်ငံက မေလတွင် 5G ဖုန်း ၁၇ ဒသမ ၇၄ သန်းတင်ပို့

တရုတ်နိုင်ငံရှိ 5G ဖုန်း တင်ပို့မှုများသည် ယခုနှစ် မေလတွင် အလုံးရေ ၁၇ ဒသမ ၇၄ သန်းအထိ ရှိပြီး နှစ်အလိုက် ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း တရုတ်နိုင်ငံ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ အကယ်ဒမီ(CAICT)၏ အချက်အလက်များတွင် ဖော်ပြထားသည်။ ယင်းပမာဏသည် မေလအတွင်း နိုင်ငံ၏စုစုပေါင်းမိုဘိုင်းလ်ဖုန်းတင်ပို့မှုများ၏ ၈၅ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း စက်မှုနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ သုတေသနအဖွဲ့အစည်း တစ်ခုဖြစ်သည့် CAICT က ပြောကြားခဲ့သည်။

ယခုနှစ် ပထမငါးလတာအတွင်း တရုတ်နိုင်ငံ၏ မိုဘိုင်းလ်ဖုန်းတင်ပို့မှုများသည် အလုံးရေ ၁၀၈ သန်းအထိရှိပြီး နှစ်အလိုက် ၂၇ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ၊ အလုံးရေ ၁၀၈ သန်းအနက် ၇၉ ဒသမ ၇ ရာခိုင်နှုန်းမှာ 5G ဖုန်းများ ဖြစ်ကြောင်းသိရသည်။

တရုတ်နိုင်ငံသည် ဇန်နဝါရီလမှ မေလအထိကာလအတွင်း စမတ်ဖုန်း ၁၀၆ သန်းတင်ပို့ခဲ့ပြီး ပထမငါးလတာအတွင်း စုစုပေါင်းမိုဘိုင်းလ်ဖုန်းတင်ပို့မှုများ၏ ၉၈ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်းသိရသည်။

ယင်းငါးလတာအတွင်း ပြည်တွင်းအမှတ်တံဆိပ်များသည် တရုတ်မိုဘိုင်းလ်ဖုန်းဈေးကွက်၏ အကြီးဆုံးအစိတ်အပိုင်းကို ရယူခဲ့ပြီး ပြည်တွင်းအမှတ်တံဆိပ်များသည် စုစုပေါင်း ပြည်တွင်းမိုဘိုင်းလ်ဖုန်းတင်ပို့မှုများ၏ ၈၃ ဒသမ ၈ ရာခိုင်နှုန်းအား ပံ့ပိုးပေးခဲ့ကြောင်းသိရသည်။

**Source:** https://xinhuamyanmar.com/mm-en/ne-2202706005/

## ကြက်သွန်နီဈေး တဖြည်းဖြည်း အကျဘက်ပြန်ရောက်နေ



https://greenwaymyanmar.com

ရန်ကုန်ဘုရင့်နောင်ဈေးကွက် ကြက်သွန်နီဈေးဟာ ဒီတစ်ပတ်အတွင်းမှာ အကျဘက်ကို တဖြည်းဖြည်း ပြန်ရောက်လာနေတယ်လို့ စိုက်ပျိုးရေးဈေးကွက် သတင်းအေဂျင်စီ (AMIA) က ပေးပို့တဲ့ ဈေးနှုန်းဖော်ပြချက်တွေအရ သိရပါတယ်။

ဒီတစ်ပတ် ဇွန် ၂၀ ရက်မှာ အဖွင့်ဈေးအနေနဲ့ ကြက်သွန်နီ(ဆိပ်ဖြူရှယ်-သစ်) ဟာ တစ်ပိဿာ ၁၇၅၀ ကျပ် ရှိခဲ့ပြီး ဇွန် ၂၁ ရက်မှာ ၁၉၀၀ ကျပ်ထိ ပြန်တက်လာပေမယ့် တဖြည်းဖြည်း ပြန်ကျသွားတာဖြစ်ပါတယ်။ ဇွန် ၂၄ ရက် သောကြာနေ့အပိတ်ဈေးမှာတော့ တစ်ပိဿာ ၁၇၀၀ ကျပ်ထိ ရောက်သွားတာဖြစ်ပါတယ်။

ဘုရင့်နောင်ဈေးကွက်ကို ကြက်သွန်နီကားအဝင်ကတော့ ဆက်လက်ရှိနေပေမယ့် အရည်အသွေးပိုင်းကတော့ အားနည်းနေကြောင်းသိရတယ်လို့တော့ AMIA ရဲ့ သတင်းဖော်ပြချက်မှာ ထည့်သွင်းဖော်ပြထားပါတယ်။

ဇွန် ၂၄ ရက်(သောကြာနေ့) ကြက်သွန်ဈေးနှုန်းတွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ် –

ကြက်သွန်နီ (ဆိပ်ဖြူရှယ်)(သစ်) (၁)ပိဿာ 1700 ကျပ်

ကြက်သွန်နီ (ဆိပ်ဖြူလတ်ကြီး) (၁)ပိဿာ 1600 ကျပ်

ကြက်သွန်နီ (ဆိပ်ဖြူလတ်သန့်) (၁)ပိဿာ 1450 ကျပ်

ကြက်သွန်နီ(ဆိပ်ဖြူလတ်ချော) (၁)ပိဿာ 1100 ကျပ်

ကြက်သွန်ဖြူ(ကြူကုတ်)(ရှယ်) (၁)ပိဿာ 2800 မှ 3000 ကျပ်

ကြက်သွန်ဖြူ(အောင်ပန်း ထူး ၂) (၁)ပိဿာ 2300 ကျပ်

(စိုက်ပျိုးရေးဈေးကွက်သတင်းအေဂျင်စီ (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများကို ဖော်ပြခြင်းဖြစ်ပါသည်။)

**Source:** https://greenwaymyanmar.com/posts/market_price_for_onion

## ဘင်္ဂလားဒေ့ရှ်က ဆန်သွင်းကုန်ခွန် လျှော့ချပြဋ္ဌာန်း

ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပြည်တွင်းဆန်ဈေးကွက်အတွက် ဆန်များတင်သွင်းကြခြင်းဖြင့် ဆန်ဈေးနှုန်းမြင့်မတက်အောင် ထိန်းထားနိုင်ရန် ဆန်တင်သွင်းမှုအပေါ် စည်းကြပ်နေတဲ့ သွင်းကုန်ခွန်နှုန်းထားများကို ဇွန် ၂၃၊ ၂၀၂၂ မှစ၍ ယခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့အထိ ဖြတ်တောက်လျှော့ချလိုက်ပါတယ်။

ဆန်သွင်းကုန်များအပေါ် ယခင်က စုစုပေါင်း သွင်းကုန်ခွန် ၆၂ ဒသမ ၅ ရာခိုင်နှုန်း စည်းကြပ်ခဲ့ရာမှ ယခု ၂၅ ရာခိုင်နှုန်းသို့ လျှော့ချပြဋ္ဌာန်းပေးလိုက်ပါတယ်လို့ အမျိုးသားအခွန်များ ဘုတ်အဖွဲ့ (NBR) မှ ပြောကြားပါတယ်။

ဆန်တင်သွင်းမယ့် သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် စားနပ်ရိက္ခာဝန်ကြီးဌာနမှာ တင်သွင်းမှု တစ်ကြိမ်ချင်းစီအတွက် သွင်းကုန်ပါမစ်လျှောက်ထားဖို့ လိုအပ်ပါတယ်။

စပါးရိတ်သိမ်းမှု အမြင့်ဆုံးရာသီမှာ ဆန်ဈေးတက်နေပြီး စပါးခင်းအများအပြား ရေကြီးပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေပါတယ်။ဆန်အမျိုးအစား အကုန်လုံး ဈေးတက်ကုန်ပါတယ်။

Trading Corporation of Bangladesh (TCB) မှ ထုတ်ပြန်တဲ့ အချက်အလက်များအရ ဆန်အကောင်းစား လက်လီရောင်းဈေးနှုန်းများ ယခင်လထက် ၁၄% မြင့်တက်ပြီး တစ်ကီလို တာကာ ၆၄-၈၀ သို့ ရောက်ရှိလာပါတယ်။ ဆန်ကြမ်းတွေက လက်လီရောင်းဈေး ယခင်လထက် ၈.၆% ဈေးတက်ပြီး တစ်ကီလို တာကာ ၄၈-၅၃ သို့ မြင့်တက်ပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4636-bangladesh-slashes-rice-import-tariffs.html

## ယခုဘဏ္ဍာနှစ် ဇွန် ၁၀ ရက်ထိ မြေပဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၃၅ သန်းဖိုးရရှိခဲ့

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဇွန် ၁၀ ရက်ထိ မြေပဲပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၃၅ သန်းဖိုးရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြေပဲကို ပြည်ပသို့တင်ပို့ရာတွင် မြေပဲအခွံပါနှင့် အခွံချွတ်ပြီးမြေပဲဆန်များကို တင်ပို့ရောင်းချပေးနေခြင်းဖြစ်ကြောင်း၊ မြေပဲကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးရာတွင် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့ရောင်းချပေးနေသော်လည်း အဆိုပါကာလအတွင်းတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့ရောင်းချပေးခြင်းမရှိဘဲ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှသာ တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့တင်ပို့ရောင်းချပေးရာတွင် အခွံပါမြေပဲများကို အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၉၅ သန်းဖိုး၊ အခွံချွတ်ပြီး မြေပဲဆန်များကို အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၄ သန်းဖိုး တင်ပို့ရောင်းချပေးခဲ့ရကြောင်း သိရသည်။

မြေပဲကို ပြည်ပသို့ လစဉ်တင်ပို့ရောင်းချပေးနေသည့်အပြင် ပြည်တွင်းမြေပဲဈေးကွက်တွင် မြေပဲလက်ကျန်နည်းပါးနေခြင်း၊ မြေပဲဈေးကွက်သို့ ကုန်ပစ္စည်းဝင်ရောက်မှုမရှိခြင်းနှင့် ပြည်တွင်းတွင် မြေပဲဆီစားသုံးမှုမြင့်တတ်လာနေသဖြင့် ဆီစက်လုပ်ငန်းများ၏ ဝယ်ယူမှုမြင့်တတ်လာနေခြင်းစသည့်အခ ြေအနေများကြောင့် မြေပဲဈေးနှုန်းများ မြင့်တတ်လာခဲ့ကြောင်းသိရသည်။

ပြည်တွင်း အဓိကမြေပဲဈေးကွက်တစ်ခုဖြစ်သည့် ပြည်မြို့ဈေးကွက်တွင် မြေပဲဆန်ဈေးနှုန်းများမှာ ဆီဆန်(အဖြူ) တစ်ပိဿာ လျှင် ငွေကျပ် ၄၂၀၀၊ ဆီဆန်(အနီ) တစ်ပိဿာလျှင် ငွေကျပ် ၄၄၀၀၊ လုံးဆန်(အနီ) တစ်ပိဿာလျှင် ငွေကျပ် ၄၃၀၀ ထိဈေးနှုန်းများ မြင့်တတ်လာခဲ့ကြောင်းသိရသည်။

**Source:** ရတနာပုံသတင်းစာ

## မန္တလေးဈေးကွက်အတွင်း ပေါ်ဦးပေါ်ဖျား ဂျပန်နှမ်းဖြူများ ဈေးကောင်းရရှိပြီး အရောင်းအဝယ်သွက်နေ



Source: ရတနာပုံသတင်းစာ

ယခုရက်ပိုင်း မန္တလေးဈေးကွက်အတွင်းသို့ ပေါ်ဦးပေါ်ဖျား ဂျပန်နှမ်းဖြူများ ဈေးကောင်းရရှိပြီး အရောင်းအဝယ်သွက်နေကြောင်း မန္တလေးမြို့ရှိ နှမ်းကုန်သည်များထံမှသိရသည်။

လက်ရှိတွင် မန္တလေးဈေးကွက်သို့ မုံရွာ၊ မြင်းမူ၊ မြောင်၊ ကျောက်ဆည်မြို့နယ်တို့မှ ဂျပန်နှမ်းဖြူများ ဝင်ရောက်လာကြောင်း၊ ဂျပန်နှမ်းဖြူသည် မေလအတွင်းက သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀ ပေါက်ဈေးရှိပြီး ဈေးနှုန်းမြင့်တက်လာကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြသည်။

"မန္တလေးမြို့ကို နယ်စုံဒေသစုံကနေ ဂျပန်နှမ်းဖြူတွေ လှိုင်လှိုင်ဝင်ရောက်နေပါတယ်။ ဂျပန်နှမ်းဖြူရဲ့ထူးခြားချက်က ရိုးရိုးနှမ်းဖြူနဲ့စာရင် အရောင်လဲဖြူတယ်။ အလုံးအဖန်ကလဲ ပိုထွားတယ်။ ဒါကြောင့်ရောင်းပန်းလှပြီးတော့ ရောင်းတမ်းဝင်နေတာပါ။ နှမ်းဖြူ၊ နှမ်းဝါ၊ နှမ်းညို၊ နှမ်းနက်၊ ရိုးရိုးနှမ်းဖြူ၊ ဂျပန်နှမ်းဖြူ စတဲ့အမျိုးမျိုးရှိတဲ့အထဲမှာ ဂျပန်နှမ်းဖြူနဲ့ စမုန်နက်နှမ်းကတော့ နှမ်းဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းနေပါတယ်။ ဂျပန်နှမ်းဖြူထွက်သမျှကို ပြည်ပဈေးကွက်က ဝယ်ယူနေတာဖြစ်ပါတယ်။ နွေနှမ်းအနေနဲ့ ရေသွင်းစိုက်ပျိုးကြတာပါ။ မကြာခင်ကာလမှာလဲ စလင်းနဲ့ဆင်ဖြူကျွန်းနယ်ဘက်တွေကလဲ စတင်ထွက်ပေါ်ရောက်လာတော့မှာပါ" ဟု ဦးစိုးဝင်းမြင့်ကပြောပြသည်။

အဆိုပါ နှမ်းသီးနှံကို သီးထပ်အဖြစ် ရာသီမရွေးစိုက်ပျိုးနိုင်ပြီး စိုက်ပျိုးပြီးရက် ၁၀၀ အတွင်း ပေါ်ထွက်လေ့ရှိသော သီးနှံဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီးတို့တွင် အဓိကစိုက်ပျိုးလျှက်ရှိကြောင်း၊ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်နှင့် လယ်တွင်းကိုး ခရိုင်မှထွက်ရှိလာသည့် ဂျပန်နှမ်းဖြူများသည် ဈေးကွက်အတွင်း၌ လူကြိုက်အများဆုံးဖြစ်ကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍သိရသည်။

**Source:** ရတနာပုံသတင်းစာ

## အိန္ဒိယ၌ စားသုံးဆီရှားပါးနေချိန်တွင် ဖွဲနုဆီဝယ်လိုအားမြင့်တက်လာ

ကမ္ဘာ့ကုန်စည်စီးဆင်းမှု ကွင်းဆက်ပြတ်တောက်မှုကြောင့်စားသုံးဆီရှားပါးမှုနှင့်ရင်ဆိုင်နေရသည့် အိန္ဒိယနိုင်ငံ၌ ဖွဲနုဆီသည် ဝယ်လိုအားမြင့်တက်လာသော ဟင်းသီးဟင်းရွက်ဆီတစ်မျိုးဖြစ်လာကြောင်း ရိုက်တာသတင်းဌာနက ယနေ့ (၂၇.၆.၂၀၂၂)တွင် ဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်၌ ဟင်းသီးဟင်းရွက်ဆီ အများဆုံးတင်သွင်းသည့်နိုင်ငံဖြစ်သော်လည်း အင်ဒိုနီးရှားနိုင်ငံက စားအုန်းဆီပြည်ပတင်ပို့မှု ပိတ်ပင်ခဲ့ခြင်း၊ ယူကရိန်းမှ နေကြာဆီများ ဈေးကွက်အတွင်း ဝင်ရောက်မှုပြတ်တောက်နေခြင်းတို့ကြောင့် စားသုံးဆီရှားပါးမှုပြဿနာနှင့် ရင်ဆိုင်နေရကြောင်းသိရသည်။

သို့သော် တစ်ချိန်တည်းမှာပင် နေကြာဆီနှင့် အရသာချင်းတူသည့်ဖွဲနုဆီမှာ အိန္ဒိယနိုင်ငံ၌ ဝယ်လိုအားများလာသည့် စားသုံးဆီတစ်မျိုးဖြစ်လာပြီး ထုတ်လုပ်မှုနှင့်တင်သွင်းမှုလည်း မြင့်တက်လာနိုင်ကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဆန်စက်များ၏ အစွန်းထွက်ကုန်ကြမ်းတစ်မျိုးဖြစ်သည့် ဖွဲနုကို ရှေးယခင်က တိရစ္ဆာန်အစားအစာအဖြစ် အသုံးပြုခဲ့ကြသည်။ သို့သော် နောက်ပိုင်းတွင်ဆန်စက်များသည် ဖွဲနုဆီကိုပါထုတ်လုပ်လာကြရာ ပြီးခဲ့သည့်နှစ်များအတွင်း ကျန်းမာရေးကို အလေးထားသည့် အိန္ဒိယပြည်သူများကြား ဖွဲနုဆီစားသုံးမှုမြင့်တက်လာခဲ့သည်။

အိန္ဒိယနိုင်ငံ၌ လက်ရှိဖွဲနုဆီဈေးနှုန်းမှာ တစ်တန်လျှင် ရူပီး ၁၄၇၀၀၀ အမေရိကန်ဒေါ်လာ ၁၈၇၉ ဒေါ်လာရှိပြီး နေကြာဆီမှာ ရူပီး ၁၇၀၀၀၀ ထိရှိသည်။

**Source:** ရတနာပုံသတင်းစာ

## ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်အတွင်းသို့ ပန်းပုရုပ်ကြွကားချပ် ဒီဇိုင်းသစ်များဝင်ရောက်လာ

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်အတွင်းသို့ အလျား လေးပေ၊ အနံ နှစ်ပေ အရွယ်အစား ပန်းပုရုပ်ကြွကားချပ် ဒီဇိုင်းသစ်များဝင်ရောက်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ တော်ဝင်မြန်မာ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍သိရသည်။

အဆိုပါ ပန်းပုရုပ်ကြွကားများမှာ အသင့်ချိတ်ဆွဲထားနိုင်ပြီး ပုံဒီဇိုင်း နှစ်မျိုးခန့်ဝင်ရောက်ထားကြောင်း၊ ဒီဇိုင်းနှစ်မျိုးစလုံးမှာ အရောင်းသွက်ကြောင်း၊ အဆိုပါဒီဇိုင်းများမှာ ဇီးကွက်နှစ်ကောင် ပန်းပုကားချပ်ဖြစ်ကာ ဘောင်ပါနှင့်ဘောင်မပါ ပန်းဖောက်ဒီဇိုင်းတို့ဖြစ်ကြောင်းသိရသည်။

"ဒီလကုန်ခါနီးမှ ဈေးကွက်ထဲကို မန္တလေးကနေဝင်လာတဲ့ ဇီးကွက်နှစ်ကောင်လာဘ်ကိုဆောင် ပန်းပုရုပ်ကြွ ပန်းဖောက်ကားချပ်တွေကတော့ ရောက်လာတာနဲ့ကို အဝယ်လိုက်နေပါတယ်။ ဈေးနှုန်းကလဲ တစ်ချပ်ကို ငွေကျပ်တစ်သိန်းလောက်ပဲရှိတဲ့အတွက် အဝယ်များပါတယ်။ ဒီဇိုင်းနှစ်မျိုးမှာ ဘောင်မပါတဲ့ ပန်းဖောက်ကို လူပိုကြိုက်ကြတယ်" ဟု ဒေါ်ခင်မြင့်ခိုင်က ပြောပြသည်။

အဆိုပါ အလျား လေးပေ၊ အနံ နှစ်ပေအရွယ်အစား ပန်းပုရုပ်ကြွကားချပ်မှာ တစ်ချပ်လျှင် ငွေကျပ်တစ်သိန်းခန့်ဖြစ်ပြီး ယခုလ တတိယပတ်တွင် ကားချပ်ဒီဇိုင်းနှစ်မျိုးစလုံး စုစုပေါင်း အချပ်ရေ ၃၀ ခန့် ရောင်းချထားကြောင်း တော်ဝင်မြန်မာ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာမှ မန်နေးဂျင်း ဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ဝမ်တိန်နယ်စပ်ဂိတ် စမတ်စိစစ်ရေးစက် စမ်းသပ်အောင်မြင်ပြီး စတင်အသုံးပြုနိုင်တော့မည်

ယခုရက်ပိုင်းအတွင်း ဝမ်တိန်နယ်စပ်ဂိတ်သည် စမတ်စိစစ်ရေးစက် တပ်ဆင်ကာ ပထမဆုံးအကြိမ်အဖြစ် စတင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်းသိရသည်။

တစ်ဆင့်မြှင့်တင်ပြီးသည့် စမတ်စိစစ်ရေးစက်သည် Ergonomic စံချိန်စံနှုန်းအတိုင်း ဒီဇိုင်းပြုလုပ်ကာ အရှေ့ဘက်ခုံ စစ်ဆေးရေး တပ်ဆင်မှုစက်ကိရိယာကို တစ်စုတစ်စည်းတည်း ပေါင်းစပ်ထားသည်။

စီမံခန့်ခွဲမှုနှင့် အသုံးပြုမှုဆိုင်ရာ သိပ္ပံနည်းကျသော လူသားနှင့် ၎င်းစက်ကိရိယာတို့အကြားကောင်းစွာ အပြန်အလှန် ဆက်သွယ်နိုင်ပြီး စမတ်စိစစ်ရေးစက်တပ်ဆင်ကာ ပထမဆုံးစမ်းသပ်နိုင်ရန်၊ နယ်စပ်ဂိတ်ပေါက်စစ်ဆေးရေး အခြေခံ အဆောက်အဦပြည့်စုံရန်၊ ဒစ်ဂျစ်တယ်သတင်းအချက်အလက်များ အသုံးချမှုကိုမြှင့်တင်ရန်၊ ခရီးသည်ပြည်ဝင်ပြည်ထွက် ရှင်းလင်းရေးစွမ်းဆောင်ရည်ကိုမြှင့်တင်ပြီး နောက်တစ်ဆင့် တရုတ်-မြန်မာနယ်စပ်စစ်ဆေးရေးလုပ်ငန်းအတွက် ခိုင်မာသော အခြေခံအုတ်မြစ်ကို ချမှတ်အကောင်ထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ရွှေလီမီဒီယာစင်တာက သတင်းထုတ်ပြန်ထား သည်။

**Source:** မြန်မာ့အလင်း

## တနင်္သာရီရော်ဘာဈေးနှုန်းများ အနည်းငယ်မြင့်တက်



Source: မြန်မာ့အလင်း

တနင်္သာရီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးထွက်ရှိသည့် ရော်ဘာများအနက် RSS-3 မှိုင်းခံရော်ဘာအ မျိုးအစားများ ဈေးနှုန်းအနည်းငယ်မြင့်တက်လျက်ရှိပြီး ရန်ကုန်ဈေးကွက်၊ ကော့သောင်း-ရနောင်းဈေးကွက်များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း တနင်္သာရီတိုင်း ဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

မှိုင်းခံရော်ဘာကို အဆင့်သတ်မှတ်ချက် ငါးမျိုးဖြင့် သတ်မှတ်ထားရှိပြီး ယခုလက်ရှိတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်း RSS-3 နှင့် RSS-5 နှစ်မျိုးသာ အဓိက အရောင်းအဝယ် အားကောင်းနေကြောင်းသိရသည်။ ရော်ဘာဈေးနှုန်းမှာ ယခင်လထက် ဈေးနှုန်း အနည်းငယ်မြင့်တက်လျက်ရှိပြီး ဇွန် ၂၈ရက်မှ ၁၇ ရက်အထိ ရော်ဘာဈေးနှုန်းမှာ RSS-3 တစ်ပေါင်လျှင် ငွေကျပ် ၁၃၅၀ နှုန်း၊ RSS-5 တစ်ပေါင်လျှင် ငွေကျပ် ၁၂၅၀ နှုန်းဈေးရရှိပြီး RSS-3 သည် RSS-5 ထက် အပြစ်အနာအဆာကင်းသောကြောင့် ဈေးကောင်းပိုမိုရရှိလျက်ရှိသည်။

ကော့သောင်းမှတစ်ဆင့် ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချရာတွင် ရော်ဘာတစ်ပေါင်လျှင် ငွေကျပ် ၁၄၅၀ နှုန်း ဈေးရရှိခဲ့ပြီး ဈေးမြင့်တက်ခြင်းမှာ ထိုင်းဘတ်ဈေးနှုန်းများမြင့်တက်နေခြင်းကြောင့်လည်းပါဝင်ပြီး သယ်ယူပို့ဆောင်ခမှာ တစ်ပိဿာလျှင် ငွေကျပ် ၇၀ ကျပ်မှ ၈၀ အထိ သတ်မှတ်ကြသည်။

တနင်္သာရီတိုင်းဒေသကြီးသည် ရော်ဘာ၊ ကွမ်းသီးများကို အဓိကထားစိုက်ပျိုးလျက်ရှိကြသည့် တိုင်းဒေသကြီးဖြစ်ပြီး ထိုင်းနိုင်ငံနှင့် အဓိကနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများလုပ်ဆောင်ရာ တိုင်းဒေသကြီးတစ်ခုဖြစ်သည်။

**Source:** မြန်မာ့အလင်း

## STOCK EXCHANGE (27.6.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 27th Jun. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 5 | 37,500 | 33,109,694 | 248,323 |
| MTSH | 00002 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 437 | 1,158,050 | 38,929,150 | 103,162 |
| MCB | 00003 | 6,900 | +0 | +0.00% | 6,900 | 6,900 | 6,900 | 0 | 0 | 10,400,986 | 71,767 |
| FPB | 00004 | 18,000 | +0 | +0.00% | 18,000 | 18,000 | 18,000 | 40 | 720,000 | 2,472,053 | 44,497 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 12,823,224 | 32,058 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 19,977,223 | 51,941 |
| AMATA | 00007 | 5,000 | +100 | +2.04% | 5,000 | 5,000 | 5,000 | 1 | 5,000 | 10,497,598 | 52,488 |

## Market summary

As of 27th Jun. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 347.34 | +0.61 | +0.18% | 346.73 | 347.34 | 346.73 | 483 | 1,920,550 | 7 | 604,236 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 27th Jun. 2022

| MYANPIX | 347.34 ▲ 0.61 |
|---|---|
| Total Volume (shares) | 483 |
| Total Value (MMK) | 2 mil |
| Listed Company | 7 |
| Market Cap. (MMK) | 604,236 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,500 | ▲ 0 |
| MTSH | 00002 | 2,650 | ▲ 0 |
| MCB | 00003 | 6,900 | ▲ 0 |
| FPB | 00004 | 18,000 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 100 |